အမှတ်-၁၀၁၉


DHAMMAVIJJĀLAYA

2546 2003

CENTRE FOR BUDDHIST STUDIES

# အဂ္ဂမဟာပဏ္ဍိတ
# အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# ဓမ္မမှတ်ကျောက်



ဓမ္မဒါနကုသိုလ်ရှင်

# နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၄၁၉၃, ၀၉-၅၁၄၆၀၉၅

# ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဓမ္မ မှတ်ကျောက်

[illegible]

[illegible]

[illegible]

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး မွေစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ MRTV(4) တရားတော်များ (၃)ပုဒ်တွဲ
(က) နှစ်ဦးကာလ ဓမ္မလက်ဆောင်
(ခ) မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
(ဂ) ယနေ့လူသားများရဲ့ မနက်ဖန်ကမ္ဘာ
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဉစ္စာစုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နဲ့ တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပာယ်

# " ဓမ္မမှတ်ကျောက် "

သာသနာတော်နှစ် ၂၅၅၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ် သီတင်းကျွတ်လဆန်း ၇-ရက်နေ့၊ မုံရွာမြို့ အေးသာယာရပ် ရဟန်းဒါယကာဦးတင်ထွန်း + ရဟန်းဒါယိကာမဒေါ်ကျင်မိသားစုတို့၏ သုတာရာမကျောင်းတိုက်နှင့် မုံရွာမြို့ အောင်မင်္ဂလာရပ် စန်းသရဖူ ပွဲရုံပိုင်ရှင် ဦးသိန်းမြင့် + ဒေါ်စန်းစန်းဝင်း မိသားစုတို့၏ ရေစင်တော် ရေစက်ချ အလှူမင်္ဂလာ အကြိုဓမ္မသဘင်၌ ဟောကြားအပ်သော ဓမ္မမှတ်ကျောက် ဒေသနာတော်။

ဓမ္မမှတ်ကျောက်-မှတ်ကျောက်ဆိုတာ ရွှေစစ်,မစစ် ဆိုတာကို စစ်ဆေးတဲ့အခါမှာ အသုံးပြုတယ်၊ အင်္ဂလိပ်လို criteria လို့ ခေါ်တယ်၊ ရွှေစစ်, မစစ် မှတ်ကျောက်တင်ပြီး ကြည့်ရသလို ဓမ္မနဲ့ ပတ်သက်လို့ရှိရင် မြတ်စွာဘုရားဟောတဲ့တရား ဟုတ်,မဟုတ် ဓမ္မမှတ်ကျောက်မှာ တင်ပြီးတော့ ကြည့်ရတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင်က ဓမ္မမှတ်ကျောက်အနေနဲ့ ဟောထားတဲ့ သုတ္တန်တွေ ရှိတယ်၊

တရားမှန်နဲ့ ပတ်သက်ပြီး ဒီတရားဟာ ဘုရားဟောတဲ့ တရား သူကိုယ်တိုင် ဘုရားဆီက နာခဲ့ရတာ၊ သို့မဟုတ် ဘယ်စာထဲမှာ ပါတယ်၊ ဘယ်စာအုပ်ထဲမှာ ရေးထားတာ လို့ ပြောဆိုကြတဲ့အခါ ကျန်တစ်ဖက်သားကလည်း မဟုတ် ဘူးလို့ ငြင်းကြတယ်၊ ငြင်းကြတဲ့အခါမှာ ဓမ္မနဲ့ ပတ်သက် ပြီး ငြင်းခုံမှုတွေ ဖြစ်ပွားကြတယ်၊ ဖြစ်လည်း ဖြစ်ပွားခဲ့ဖူး တယ်။

မြတ်စွာဘုရား လက်ထက်တော်တုန်းက အမှန် တရားနဲ့ ပတ်သက်ပြီး အငြင်းပွားမှုတွေ အမြောက်အမြား ရှိခဲ့တယ်၊ အဲဒီလို အငြင်းပွားတာဟာ ကောင်းလား? မကောင်းဘူးလား? ဆိုတော့ မြတ်စွာဘုရားက မကောင်း ဘူးတဲ့၊ ဘာဖြစ်လဲဆိုတော့ အငြင်းပွားလို့ရှိရင် အကုသိုလ် ဖြစ်တယ်၊ အဲဒီတော့ မငြင်းနဲ့၊ ဓမ္မမှတ်ကျောက်လေး ကိုယ်စီ ကိုင်ထားပြီးတော့ ရွှေ စစ်, မစစ် သိချင်ရင် မှတ် ကျောက်တင်ပြီးတော့ ကြည့်ရသလို မြတ်စွာဘုရား ဟော ထားတဲ့ တရားဓမ္မတွေကို ကြည့်ပြီးတော့ တို့သိထားတဲ့ တရားဟာ ဘုရားဟောကြားထားတဲ့ တရားလား, တို့သိ ထားတဲ့ အကြောင်းအရာဟာ ပိဋကတ် ၃-ပုံထဲမှာ ပါတဲ့ ဓမ္မစစ်လားဆိုတာ သိချင်ရင် ဒီမှတ်ကျောက်လေးနဲ့ တိုက်

ကြည့်ရတယ်၊ ကိုယ့်ရဲ့အရည်အသွေးကို သိချင်ရင်လည်း ဒီဓမ္မမှတ်ကျောက်ပေါ် တင်ပြီး ကြည့်ရတယ်။

မြတ်စွာဘုရားက **"ဝိဝါဒံ ဘယတော ဒိသွာ အဝိဝါဒဉ္စ ခေမတော"** 'ဝိဝါဒ' ဆိုတာ ကိုယ်က တစ်မျိုး ပြောတယ်၊ သူက တစ်မျိုးပြောတယ်၊ အဲဒီလို သူတစ်မျိုး ကိုယ်တစ်မျိုးပြောလို့ မတူညီတော့ဘူးဆိုတာနဲ့ မတူညီတဲ့ အပြော ၂-ခုပေါ် မူတည်ပြီး သူ့ဟာမှန်တယ် ငါ့ဟာမှန် တယ်ဆိုပြီး ဖြစ်ပေါ်မလာဘူးလား၊ အဲဒီလို ဖြစ်ပေါ်လာ တဲ့အခါမှာ တစ်ဦးနှင့်တစ်ဦး သူမှန်တယ်, ငါမှန်တယ်လို့ အငြင်းပွားနေရင် ဘာဖြစ်လဲဆိုရင် အကုသိုလ်တွေ ဖြစ် တယ်တဲ့။

ဒါကြောင့်မို့လို့ ဝိဝါဒမှာ **'ဝိ'** ဆိုတာ- ထူးခြားပြီး တစ်ဦးနဲ့တစ်ဦး မတူတဲ့, 'ဝါဒ'ဆိုတာ ပြောတာ၊ အဲဒီတစ်ဦးနဲ့ တစ်ဦး မတူညီတဲ့ ပြောဆိုချက်တွေဟာ, 'ဘယ' ကြောက် စရာ ကောင်းတယ်၊ ဘာပြုလို့ ကြောက်စရာကောင်းလဲ ဆိုရင် အကုသိုလ် ဖြစ်လာနိုင်လို့၊ ဓမ္မနဲ့ ပတ်သက်ပြီး အကုသိုလ် မဖြစ်သင့်ဘူး၊ ဘာကို အကြောင်းပြုပြု အကုသိုလ် မဖြစ်သင့်ဘူး၊ တချို့လူတွေက ပြောတယ် - ကရုဏာနဲ့ပြောတဲ့ ဒေါသ၊ စေတနာနဲ့ပြောတဲ့ ဒေါသ၊ အပြစ်မရှိသယောင်ယောင် ပြောတယ်၊ ကောင်းကျိုးလိုလား

တဲ့ စေတနာထားပေမယ့် ဒေါသဟာ ဒေါသပဲ၊ မကောင်းဘူး။

နှစ်ပိုင်းခွဲပြီး မှတ်ရမယ်၊ ကရုဏာဒေါသ-ကရုဏာကို အခြေခံပြီးတော့ ဖြစ်ပေါ်လာတဲ့ ဒေါသ၊ ကရုဏာက ကောင်းတယ် ဒေါသက မကောင်းဘူး၊ အကောင်းအဆိုးရော မနေဘူးလား၊ ဒေါသဆိုတာ ဘယ်နေရာပဲ ဖြစ်ဖြစ် အကောင်းတရား မဟုတ်ဘူး အဆိုးတရား၊ ဒေါသဆိုတဲ့ အဓိပ္ပါယ်က ဖျက်ဆီးခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ဘာတွေကို ဖျက်ဆီးပစ်တာလဲဆိုတော့ ဒေါသဖြစ်လာတဲ့ ပုဂ္ဂိုလ်ရဲ့ အခြေအနေတွေဟာ ပျက်စီးမသွားဘူးလား၊ နဂိုက ငြိမ်သက်အေးချမ်း တည်ငြိမ်နေတဲ့စိတ်ကို ဖျက်ဆီးပစ်လိုက်တာဟာ ဘယ်ကောင်းမလဲ၊ ဒါကြောင့်မို့ ဒေါသဆိုတာ မကောင်းဘူး၊ စိတ်ဓာတ်ကိုသာ ဖျက်ဆီးတာမဟုတ်ဘူး၊ ရုပ်ကိုလည်း ဖျက်ဆီးတယ်၊ ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာကို ကြည့်ပေါ့၊ ဒေါသဖြစ်တဲ့ပုဂ္ဂိုလ်ရဲ့ မျက်နှာသည် အရုပ်ဆိုး အကျည်းတန်သွားတယ်၊ ပင်ကိုယ်က ကြည့်ပျော်ရှုပျော်ရှိတဲ့ ပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား စိတ်ဆိုးနေတဲ့ မျက်နှာက ကြည့်ပျော်ရှုပျော် ရှိပါ့မလား၊ မရှိဘူးဆိုတော့ ဒေါသဟာ ရုပ်ကိုလည်း ပျက်စီးစေတယ်၊ ဒီထက်ပိုဆိုးရင် ရုပ်ပျက်ဆင်းပျက်ဖြစ်တယ်၊ ပြောတဲ့စကားကလည်း မကြား

ဝံ့မနာသာဖြစ်တယ်၊ လုပ်တဲ့အလုပ်ကလည်း ကြောက်စရာ ကောင်းတယ်၊ ဒါ့ကြောင့်မို့ အကုသိုလ်ဆိုတာ ဘယ် အကုသိုလ်မှ မကောင်းဘူး။

ဘုန်းကြီးတို့ ပဋ္ဌာန်း ၂၄-ပစ္စည်းမှာ ဥပနိဿယ ပစ္စယောလို့ ဟောထားတာ ရှိတယ်၊ ကုသိုလ်ကလည်း အကုသိုလ်ကို ဖြစ်စေတယ်၊ အကုသိုလ်ကလည်း ကုသိုလ် ကို ဖြစ်စေတယ်၊ ဖြစ်စေတယ်ဆိုတာ အကြောင်းပြုတာကို ပြောတာ၊ ကုသိုလ်ကို အကြောင်းပြုပြီး အကုသိုလ်ဖြစ် တယ်၊ အကုသိုလ်ကို အကြောင်းပြုပြီးတော့လည်း ကုသိုလ် ဖြစ်တယ်၊ အကုသိုလ်ကို အကြောင်းပြုပြီး ကုသိုလ်ဖြစ်ရင် ကောင်းတယ်၊ ဘာကိုအကြောင်းပြုပြီးဖြစ်ဖြစ် ကုသိုလ်ဖြစ် တာ ကောင်းတယ်၊ ဥပမာ- ဒေါသဖြစ်ပြီး ကိုယ့်စိတ်ကိုယ် မထိန်းနိုင် မသိမ်းနိုင်ဖြစ်ပြီး သတိရလာရင် ဒေါသဟာ မကောင်းပါလားလို့ ပြန်တွေးလာမယ်၊ ဒေါသကို ပြန်တွေး ပြီး ဒေါသမဖြစ်အောင် ထိန်းမှုပဲလို့ ကုသိုလ်စိတ်ဖြစ်သွား တယ်၊ ဒေါသကတော့ အကုသိုလ်စိတ်ပဲ၊ အဲဒါကတော့ အကုသိုလ်ကို အကြောင်းပြုပြီးတော့ ကုသိုလ်ဖြစ်တယ်လို့ ပြောတာ၊ အကြမ်းဖျဉ်းပေါ့။

ကုသိုလ်ကို အကြောင်းပြုပြီးတော့ အကုသိုလ်ဖြစ် တာ ရှိတယ်၊ ဒါနကောင်းမှုလုပ်ပြီးတော့ 'အော် လှူမိတာ

ငါမှားလိုက်လေခြင်း'လို့ စိတ်ဖြစ်တယ်၊ 'ဒါန' က ကုသိုလ်, 'လှူမိတာ ငါမှားလိုက်လေခြင်း' ဆိုတာက အကုသိုလ်၊ ကုသိုလ်ကို အကြောင်းပြုပြီးတော့လည်း အကုသိုလ်ဖြစ်တယ်၊ အကုသိုလ်ကို အကြောင်းပြုပြီးတော့လည်း ကုသိုလ်ဖြစ်တယ်။

သို့သော် ဘုန်းကြီးတို့တတွေ မှတ်သားရမှာကတော့ ကုသိုလ်ဖြစ်တာ ကောင်းတယ်၊ အကုသိုလ်ဖြစ်တာ ဘာကို အကြောင်းပြုပြီးဖြစ်ဖြစ် မကောင်းဘူး၊ တချို့က ကရုဏာဒေါသကို အကောင်းပြောချင်တယ်၊ ဘာဒေါသမှ မကောင်းဘူး၊ အကျိုးလိုလားလို့ ပြောတဲ့ ဒေါသလည်း မကောင်းဘူး၊ အကျိုးလိုလားတာက မေတ္တာစိတ်၊ တစ်ဖက်သားအပေါ်မှာ ငဲ့ညှာတယ်, ကြင်နာတယ် ဆိုတာက ကရုဏာ၊ အားမလိုအားမရဖြစ်တာက ဒေါသ၊ ဒေါသထွက်ရင် မကောင်းဘူးပေါ့။

အဲဒီတော့ ကိုယ့်သန္တာန်မှာ မဖြစ်အောင် ထိန်းရမှာက ဘာလဲဆိုရင် အကုသိုလ်ပဲ၊ အမှန်တရားတစ်ခုပေါ်မှာအငြင်းပွားပြီ, သူနိုင်ငါရှုံး ငြင်းလာကြပြီဆိုရင် အကုသိုလ်တွေ ဆက်တိုက် ဆက်တိုက် ဖြစ်လာကြတယ်၊ မကျေနပ်တဲ့ အတိုင်းအတာအလိုက် အကုသိုလ်တွေ ဖြစ်လာတယ်၊ အသိုင်းအဝိုင်းနဲ့ ဖြစ်လာတယ်၊ အဲဒီလို အငြင်းပွားလာကြ

ပြီဆိုရင် သူ့ဘက်ကိုယ့်ဘက် ဆိုတာမျိုးတွေ ဖြစ်လာကြတယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားက 'ဝိဝါဒ'- မတူညီတဲ့ အပြောတွေဟာ၊ 'ဘယ'-ကြောက်ဖို့ကောင်းတယ်၊ ဘာဖြစ်လို့ ကြောက်ဖို့ကောင်းလဲဆိုရင် ပြဿနာတွေ နောက်က တသီကြီးလိုက်လာလို့ပဲ၊ ဒါ့ကြောင့် ဝိဝါဒဆိုတာကို ရှောင်ရမယ်။

**'အဝိဝါဒဥ္စ ခေမတော'**- 'ဝိဝါဒကင်းပြီ ဆိုရင် အင်မတန်မှ ငြိမ်းချမ်းတယ်'၊ ဒါကြောင့်မို့ မြတ်စွာဘုရားက **'သမဂ္ဂါ'** - 'ညီညွတ်ကြ'၊ **'သခိလာ'** - 'တစ်ဦးနှင့် တစ်ဦး ပြေပြေပြစ်ပြစ် ဆက်ဆံကြ'၊ **'သမဂ္ဂါ သခိလာ ဟောထ'** - 'ညီညီညွတ်ညွတ် ပြေပြေပြစ်ပြစ် ဆက်ဆံရမယ်' လို့၊ **'ဧသာ ဗုဒ္ဓါနုသာသနီ'**- 'ဒါဟာ ဘုရားသခင်ရဲ့ အဆုံးအမပဲ' လို့၊ ဘယ်လောက်ကောင်းတဲ့တရားလဲ - စဉ်းစားကြည့်ကြပေါ့။

ဘုန်းကြီးတို့တွေ အငြင်းပွားစရာ ကြုံလာလို့ရှိရင် မငြင်းကြဖို့ ဒါပါပဲ၊ အငြင်းပွားစရာကတော့ မကြုံဘဲ မနေဘူး ကြုံလာမှာပဲလေ၊ ကိုယ်သိထားတာနဲ့ ကိုယ့်ကို ပြောလာတဲ့ပုဂ္ဂိုလ်က အမှန်တရားလို့ပြောတာနဲ့ တိုက်ဆိုင်ကြည့်ဖို့ ကိုယ့်မှာ မှတ်ကျောက်လေးတော့ ရှိထားသင့်တယ်၊ ပြောတဲ့လူကလည်း သူ့ရွှေကို ရွှေအစစ်ပါလို့ ပြောလိမ့်မယ်၊

အဲဒီလို ပြောလာလို့ရှိရင် သူ့စကားကို လက်မခံနဲ့ဦး, မယုံနဲ့ဦး, မင်းရွှေကြီးက အတုကြီးပါလို့လည်း မငြင်းနဲ့၊ ဘာလုပ်မလဲ၊ မှတ်ကျောက်ပေါ် တင်ကြည့်လိုက်၊ မှတ်ကျောက်ကနေ အဖြေထုတ် ပေးလိမ့်မယ်၊ ဟုတ်တယ်မို့လား၊ အဲဒီရတဲ့အဖြေအတိုင်းပဲပေါ့၊ ရွှေမစစ်ဘူးဆိုရင် လက်မခံနဲ့ပေါ့၊ ရွှေစစ်ရင် လက်ခံလိုက်ရုံပေါ့။

အဲဒီသဘောမျိုးပဲ တရားဓမ္မနဲ့ ပတ်သက်ပြီးတော့ ခေတ်အဆက်ဆက်မှာ အငြင်းပွားနေကြတာတွေ ရှိတယ်၊ အငြင်း မပွားစေချင်ဘူး၊ ဓမ္မနဲ့ပတ်သက်ပြီးတော့ အငြင်းပွားတာ ပိုဆိုးတယ်၊ ကုသိုလ်ဖြစ်ရမယ့်အစား အကုသိုလ်ဖြစ်တယ်၊ အဓမ္မနဲ့ ပတ်သက်ပြီး အငြင်းပွားတာကတော့ နဂိုကတည်းက မကောင်းတာ။

အငြင်းပွားတာဟာ ခုမှ ရှိတာ မဟုတ်ဘူး၊ မြတ်စွာဘုရား လက်ထက်ကတည်းက ရှိတာ၊ သာသနာတော်မှာ အယူအဆတွေ ကွဲလွဲပြီး အငြင်းပွားခဲ့တာတွေ မြောက်မြားစွာ ရှိတယ်၊ အဘိဓမ္မာ ၇-ကျမ်းထဲမှာ ကထာဝတ္ထု ဆိုတဲ့ ကျမ်းကြီးတစ်ကျမ်း ပါတယ်၊ ကထာဝတ္ထုဆိုတာ 'ကထာ'- ပြောစရာစကားတွေ, 'ဝတ္ထု'- အကြောင်းတရား၊ ပြောစရာစကားတွေရဲ့ အကြောင်းဆိုတာ ဘာဖြစ်လို့ ပြောစရာတွေ ဖြစ်သလဲ ဆိုရင် ခုနက အငြင်းပွားမှုပဲ။

ကထာဝတ္ထုကျမ်းကြီးကို အင်္ဂလိပ်ဘာသာပြန်သူက မြန်မာပြည်က ဦးရွှေစံအောင်တဲ့၊ အင်္ဂလိပ်စာပေ ကောင်းကောင်းတတ်တဲ့ ရှေးတုန်းက အမှုထမ်းကြီးပေ့ါ။ ယစ်မျိုးမင်းကြီးလို့ ခေါ်တယ်၊ အဲဒီ ဦးရွှေစံအောင်က ကထာဝတ္ထုကျမ်းကြီးကို အင်္ဂလိပ်လို ဘာသာပြန်ထားတာ၊ သူပေးတဲ့နာမည်က Points of Controversy ၊ controversy က အငြင်းပွားတာ၊ points ဆိုတာ အချက်အလက်တွေ၊ အငြင်းပွားနေတဲ့ အချက်အလက်တွေလို့ အဓိပ္ပါယ်ရတယ်၊ ဒါသာသနာတော်မှာ အထင်အရှားပေါ်ခဲ့တာ၊ ခုမှ အငြင်းပွားတာ မဟုတ်ဘူးနော်။

အဲဒီ points of controversy ဆိုတာကို အကြောင်းပြုပြီးတော့ ဗုဒ္ဓမြတ်စွာသာသနာတော်မှာလည်း အငြင်းပွားပြီးတော့ အခုခေတ်မှာဆို ဘာသာရေးမှာ ထေရဝါဒ, မဟာယာနလို့ ကွဲပြားသွားတယ်၊ မြန်မာပြည်က ကိုးကွယ်တဲ့ သာသနာကို ထေရဝါဒလို့ ခေါ်တယ်၊ တိဗက်တို့ တရုတ်ပြည်တို့ ကိုးရီးယားတို့ ဂျပန်ပြည်တို့ ဗီယက်နမ်တို့ အဲဒီနိုင်ငံတွေမှာ ထွန်းကားတာကို မဟာယာနလို့ ခေါ်တယ်၊ ဒါ ဒီကနေ့ခေတ်မှာရှိတဲ့ ဗုဒ္ဓဘာသာဂိုဏ်းကွဲကြီး ၂-ခုပဲ၊ ဗုဒ္ဓဘာသာဂိုဏ်းကြီးဟာ ဘာကြောင့် ၂-ခု ကွဲသွားသလဲဆိုရင် ခုနက points of controversy

အငြင်းပွားစရာ အချက်ကလေးတွေကို ကြည့်ပြီးတော့ အငြင်းပွားကြလို့ ဖြစ်တယ်။

အခြေခံအချက်အားဖြင့် ပြောရရင် ထေရဝါဒ - 'ထေရ'- ဆိုတာ လူကြီးတွေ ခေါင်းဆောင်တွေ၊ သာသနာတော်မှာဆိုရင် အရွယ်ရောက်တာက အငယ်ဆုံး ၁၀-ဝါ၊ ကြီးလာတော့ ဝါ-၂၀ဆိုရင် မဟာထေရ၊ ခေါင်းဆောင်ကြီးတွေကို ထေရလို့ ပြောတာ၊ မြတ်စွာဘုရားလက်ထက်က ဘုရားပရိနိဗ္ဗာန်စံတဲ့ ကုသိနာရုံမှာ သံဃာပေါင်း ၇-သိန်း အစည်းအဝေး ကျင်းပတယ်, စုမိသွားတယ်၊ ဘုရားပရိနိဗ္ဗာန်စံတဲ့ပွဲကို တက်လာကြတယ်၊ အဲဒီ ၇-သိန်းထဲမှာ အကြီးအကဲက ရှင်မဟာကဿပ။

ရှင်မဟာကဿပက အခုလို သာသနာတော်မှာ အငြင်းပွားမှုတွေ ပေါ်လာလို့ရှိရင် ဗုဒ္ဓမြတ်စွာရဲ့ တရားမွေတွေနဲ့ပတ်သက်ပြီး အငြင်းပွားပြီး အမှတ်မှားကုန်ကြလိမ့်မယ်၊ စုစုစည်းစည်းရှိအောင် သံဂါယနာ တင်မယ်၊ သံဂါယနာဆိုတာ ကိုယ်ရတဲ့စာနဲ့ သူရတဲ့စာ၊ သူမှတ်တဲ့အကြောင်းအရာနဲ့ ကိုယ်မှတ်တဲ့အကြောင်းအရာ၊ အသံချင်း တိုက်ဆိုင်ညှိနှိုင်းတာကို သံဂါယနာတင်တယ်လို့ ခေါ်တယ်။

ဥပမာ- ရဟန်းတစ်ပါးကလည်း သူ ဘုရားဆီက သင်ထားတာလို့ဆိုပြီး သုတ္တန်လေးတစ်ခု ရွတ်ပြတယ်၊ ကျန်တဲ့ရဟန်းတစ်ပါးကလည်း ရွတ်ပြတယ်၊ အဲဒီလို ရွတ်ပြလို့ သူ့အသံထွက်နဲ့ တခြားသူ ရွတ်တဲ့အသံဟာ တစ်သံတည်း တစ်ညီတည်း ဖြစ်ရမယ်၊ အဲဒီလို မဖြစ်ဘဲနဲ့ ကွဲလွဲနေရင် အဓိပ္ပါယ်တွေ ကွဲလွဲမနေဘူးလား၊ အဓိပ္ပါယ်တွေ အများကြီး ကွဲသွားနိုင်တယ်။

ဆိုပါစို့- ဥပမာတစ်ခုပြောမယ် 'ဥဒယဗ္ဗယ' ဆိုတဲ့ ပါဠိစကား၊ ဥဒယ-ဆိုတာ ဖြစ်ပေါ်လာခြင်း၊ ဝယ- ပျက်စီးသွားခြင်း၊ ဖြစ်ပျက်ပဲ။

အဲဒီစကားလုံးကို နောက်တစ်ဦးက မှားပြီး ရွတ်တယ်၊ ဘာရွတ်လဲဆိုတော့ 'ဥဒကဗက' လို့ ရွတ်တယ်၊ 'ယ' ကနေ 'က' ဖြစ်မသွားဘူးလား၊ ဥဒက-ဆိုတာ ရေ၊ ဗက-ဆိုတာ ဗျိုင်း၊ ဟော ရေနဲ့ ဗျိုင်း ဖြစ်သွားတယ်၊ အဲဒီတော့ ဖြစ်တာနဲ့ ပျက်တာ ၂-ခု အမှန်ထွက်ရမှာကို ဥဒကဗကလို့ သွားထွက်တော့ ရေနဲ့ ဗျိုင်း ဖြစ်မသွားဘူးလား။

သူရွတ်တာက မှန်တယ်, ငါရွတ်တာက မှန်တယ်လို့- တစ်ဘက်က "သင်္ခါရတွေရဲ့ မတည်မြဲမှု ဖြစ်ပြီးပျက်" ဆိုတဲ့ အနက်မှန်က ရေနဲ့ ဗျိုင်း ဖြစ်သွားတယ်၊ ရေဗျိုင်းဆိုတာ ဘာအဓိပ္ပါယ်ရှိလဲ, ဘာမှ အဓိပ္ပါယ်မရှိဘူး၊ ပြော

လိမ့်မယ်-ရေထဲမှာ ဗျိုင်းကငါးချောင်းနေတယ်၊ ဒါပဲ ရှိမှာ ပေါ့၊ တရား မဟုတ်တော့ဘူး။

အဲဒီလို ကွဲလွဲမသွားအောင် သံဂါယနာ- အသံကို ညှိပြီး မှန်ကန်တဲ့ စကားလုံးကို ရွေးချယ်ရတယ်၊ အဲဒီလို ရွေးချယ်တဲ့ပွဲ မလုပ်ခင် ၃-လလောက်အလိုမှာ ရှင်မဟာ ကဿပတို့က မူချမှတ်ပြီ။

ဘာလဲဆိုတော့ 'အ ပညတ္တံ န ပညပေတဗ္ဗံ' - 'ဘုရားမဟောတာတွေ, ဘုရား မပညတ်တာတွေကို မလုပ် ရဘူး'၊ လူဆိုတာ အသစ်လုပ်ချင်တယ်၊ အသစ်တီထွင်ချင် တယ်၊ အဲဒီမှာ ရှင်မဟာကဿပတို့က 'အ ပညတ္တံ န ပညပေတဗ္ဗံ'- 'ဘုရားက မပညတ်တာကို ထပ်ပြီး မပညတ် ရဘူး။

နောက်တစ်ခုက 'ပညတ္တံ န သမုစ္ဆိန္ဒိတဗ္ဗံ' 'ဘုရား ပညတ်ပြီးသားကို မပယ်ဖျက်ရဘူး'၊ ဒါတွေဟာ ရှေးကျ သွားပြီ out of date ဖြစ်သွားပြီ, ခေတ်မမှီတော့ပါဘူး ဆိုပြီးတော့ အသစ်ပြောင်း မပစ်ရဘူး။ အဲဒါမျိုးလည်း မလုပ် ရဘူး။

နံပါတ်-၃ က 'ယထာပညတ္တေသု သိက္ခာပဒေသု သိက္ခိတဗ္ဗံ' - 'မြတ်စွာဘုရား ပညတ်တဲ့အတိုင်း လိုက်နာ ကျင့်သုံးရမယ်'၊ စည်းမျဉ်းစည်းကမ်း မူချမှတ်ပြီးတော့

ဘုရားဟောတဲ့အတိုင်း လိုက်နာတဲ့ဂိုဏ်းကို ထေရဝါဒလို့ ခေါ်တယ်၊ အဲဒီတော့ ထေရဝါဒမှာ ဘာမှ မပြင်ရဘူး။

မဟာယာန ဆိုတာကျတော့ အဲဒီလို မဟုတ်တော့ဘူး၊ တရားအသစ်တွေ တီထွင်လာကြတယ်၊ ဘုရားဟောသယောင်ယောင် လုပ်ပြီးတော့ သူတို့ကြိုက်တာတွေထည့်၊ မကြိုက်တာတွေဖြုတ် လုပ်လာကြတယ်၊ စကားလုံးက စပြီးတော့ ဟိုပြောင်းသည်ပြောင်း လျှောက်ပြောင်းလာကြတယ်၊ ပြောင်းလာသည့် အတွက်ကြောင့် မြတ်စွာဘုရား ဟောတဲ့ တရားအမှန်ဆိုတာ မရှိတော့ဘူး၊ အဲဒါမျိုးတွေ ဖြစ်လာတယ်၊ ဆင်တူရိုးမှားတွေ လုပ်လာတယ်။

ဆိုလိုတာကဘာလဲ ဆိုတော့ လူတွေသုံးတဲ့ စိန်အတုဆိုတာ မရှိဘူးလား၊ ရွှေအတုဆိုတာ မရှိဘူးလား၊ ရွှေအတုတွေ ပေါ်လာတော့ ဈေးချိုချိုနဲ့ ဝင်းဝင်းလက်လက်နဲ့၊ စိန်အတုတွေ အရောင်တောက်တောက်နဲ့ အတုဆိုတော့ ဈေးက သိပ်မများဘူး၊ လူတကာ ဝယ်နိုင်တယ်၊ အတုတွေပေါ်လာတော့ အစစ်တွေက ဘယ်ရောက်သွားလဲ? ဆိုတော့ အစစ်တွေက သိမ်းထားရတဲ့အဆင့် ရောက်သွားရတယ်၊ အတုတွေက လူတကာဝတ်ဆင်နိုင်ပြီး ခေတ်စားလာတယ်၊ အတုတွေများလာရင် အစစ်တွေ ကွယ်ပျောက်မသွားတတ်ဘူးလား၊ ဘာဖြစ်လို့ အစစ်က ကွယ်ပျောက်ရ

လဲဆိုတော့ တန်ဖိုးက ကြီးတာကိုး၊ ဒါ့ကြောင့်မို့ ရွှေအတု တွေပေါ်လာရင် ရွှေအစစ် ပျောက်သွားတတ်တယ်၊ စိန် အတုပေါ်လာရင် စိန်အစစ်ပျောက် သွားတတ်တယ်၊ တရား အတုပေါ်လာရင် တရားအစစ် ပျောက်သွားတတ်တယ်၊ ဒါ သတိထားရမယ်။

မြန်မာပြည်မှာ လူဖြစ်ရတဲ့ပုဂ္ဂိုလ်တွေ, သာသနာ တော်နဲ့ ကြုံတွေ့ရတဲ့ပုဂ္ဂိုလ်တွေ, မြန်မာပြည်မှာနေတဲ့ ပုဂ္ဂိုလ်တွေ အင်မတန် ကံကောင်းကြတယ်၊ ဘာလို့ ကံ ကောင်းကြလဲဆိုရင် မြန်မာပြည်မှာရှိတဲ့ ထေရဝါဒက မြတ်စွာဘုရားလက်ထက်က ဘုရားကိုယ်တိုင် ဟောခဲ့တဲ့ တရားတွေကို ရှင်မဟာကဿပတို့ကမူချပြီး ထိန်းသိမ်းခဲ့တဲ့ တရားတွေ ဖြစ်တယ်၊ လုံးဝပြုပြင်မှု မရှိဘူး၊ ဘုရားတရား တော်အတိုင်း ထားခဲ့တယ်၊ အကယ်၍သာ ပြင်ခဲ့ရင် လူ တွေဟာ အစစ်ဆိုတာ တွေ့ဖူးမှာ မဟုတ်တော့ဘူး။

မဟာယာနသာသနာ ထွန်းကားတဲ့ ကိုးရီးယားနိုင်ငံ တို့ ဘာတို့မှာ ရှိကြတဲ့ပုဂ္ဂိုလ်တွေ မြန်မာပြည်ကိုလာပြီး စာပေလေ့လာတယ်, မြန်မာပြည်က တရားမွေတွေကိုလာ အားထုတ်ကြလို့ သဘောပေါက်ကြတယ်၊ သဘောပေါက် ကြသည့် အတွက်ကြောင့် တကယ့်သာသနာအစစ်ပါလို့ တချို့ပုဂ္ဂိုလ်တွေက ပွင့်ပွင့်လင်းလင်းပြောတယ်၊ တချို့ပုဂ္ဂိုလ်

တွေကတော့ ကိုယ့်အစွဲလေးနဲ့ကိုယ်၊ ကိုယ့်ဟာလေး ကိုယ် အထင်ကြီး နေကြတာပဲ၊ လူဆိုတာက စွန့်နိုင်ခဲတယ်လေ၊ ကိုယ့်အယူအဆလေး အစဉ်အလာလေးတစ်ခုကို စွန့်နိုင်ခဲ တယ်။

ဘုန်းကြီးတို့ ပြေလသကြံ်မှာ ကိုးရီးယားကို သွား တယ်၊ ကိုးရီးယားက ထေရဝါဒဘုန်းကြီးတစ်ပါးက ပင့်တာ နဲ့ အဘိဓမ္မာသင်တန်း သွားပို့ချတယ်၊ အဲဒီလို သွားပို့ချတဲ့ အခါ အားလပ်တဲ့ရက်မှာ ကိုးရီးယားလူမျိုး မြန်မာပြည်မှာ ရဟန်းခံထားတဲ့ ဘုန်းတော်ကြီး၈-ပါး-ဘုန်းကြီးဆီ ရောက် လာကြတယ်၊ ဩဝါဒခံယူကြတယ်။

ကိုးရီးယားနိုင်ငံဟာ အကုန်လုံး မဟာယာနဘုန်းကြီး ချည်းပဲ၊ မဟာယာနဘုန်းကြီးဆိုတာ မြင်ဖူးကြပါလိမ့်မယ်၊ အဝတ်က မတူဘူး၊ အဝတ်အစားကစပြီး ပြောင်းထားတယ်၊ ဘောင်းဘီရှည်နဲ့ အကျႌနဲ့၊ ဂျပန်ဘုန်းကြီးဆိုရင် ဘိုကေ တောင်ပါလိုက်သေး၊ ဒါတင်မဟုတ်ဘူး ဂျပန်ဘုန်းကြီးတွေ က အိမ်ထောင်တောင် ပြုသေးတယ်၊ ဘာသာရေးကိစ္စ ဆောင်ရွက်စရာရှိရင် ဘုန်းကြီးလို အပေါ်က အဝတ်လေး ပတ်ထားလိုက်တယ်၊ ဘုန်းကြီးဖြစ်လိုက်၊ လူဖြစ်လိုက်နဲ့။

တစ်လောက ဂျပန်က ဘုန်းကြီးတစ်ပါး၊ သူက မြန်မာအမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်ထားတယ်၊ မြန်မာ

ပြည်မှာလာပြီးတော့ ရန်ကုန်မှာ ရဟန်းခံပွဲလေး လုပ်တယ်၊ ဘုန်းကြီးတို့သွားပြီး တရားဟောပေးတယ်၊ အဲဒီမှာ ဂျပန်ဘုန်းကြီး ပါလာတယ်၊ ဂျပန်ဘုန်းကြီးက ရဟန်းခံတဲ့ပွဲမှာတော့ သူမပါရဘူးပေါ့။ ထေရဝါဒပွဲမှာ သူမပါရဘူး၊ မပါရတော့ သူက မဟာယာနသင်္ကန်းကို ဝတ်ပြီးတော့ ခပ်လှမ်းလှမ်း ဘေးနားမှာထိုင်နေတယ်၊ အဲဒီမှာ ဘုန်းကြီးတို့နဲ့ ပါလာတဲ့ ဒကာတစ်ယောက်က ရဟန်းခံပြီးတဲ့အခါဆွမ်းကပ်တယ်၊ ဆွမ်းကပ်တဲ့အခါ အဲဒီဂျပန်ဘုန်းကြီး မြင်လိုက်ပါတယ်, အခုဘယ်ရောက်သွားလဲ မေးတော့ လူတွေနဲ့ အတူတူ ထမင်းစားနေတယ်တဲ့၊ အဲဒီပုံစံမျိုး ဖြစ်သွားတယ်ပေါ့။

ခု ကိုးရီးယားနိုင်ငံမှာလည်း မဟာယာနတွေများတယ်၊ အဲဒီ မဟာယာနပုဂ္ဂိုလ်တွေထဲက ထေရဝါဒကိုနှစ်သက်တဲ့ပုဂ္ဂိုလ်တွေက ထေရဝါဒရဟန်းအဖြစ်ကို ခံယူတယ်၊ ခံယူပြီးတော့ ဘုန်းကြီးနဲ့ တွေ့တဲ့အခါကျတော့ 'ဆရာတော်'တဲ့ 'တပည့်တော်တို့ ဒီနိုင်ငံမှာ မဟာယာနတွေက အင်အားကောင်းတယ်၊ တပည့်တော်တို့က လူနည်းစု ဖြစ်တယ်'၊ သို့သော် ကျောင်း ၄-ကျောင်း ရှိတယ်၊ သူတို့ကို ကိုးရီးယားအစိုးရက အသိအမှတ်ပြု ပေးထားတာ၊ ကိုးရီးယားနိုင်ငံမှာ ထေရဝါဒကျောင်း အသိအမှတ်

ပြုသွားပြီ၊ ထေရဝါဒဂိုဏ်းဆိုပြီးတော့ လက်ခံထားတယ်၊ 'အသိအမှတ်ပြုထားတော့ တပည့်တော် ရှေ့ဆက်ပြီး ဘာလုပ်ရမလဲ'၊ အဲဒါကို လာပြီး ဩဝါဒခံတာ။

ဘုန်းကြီးတို့က ပြောတယ်၊ 'ကိုယ်တော်တို့ စာမသင်ဘဲ နေလို့တော့ မရဘူး၊ စာမသင်လို့ရှိရင် မတည်မြဲဘူး၊ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး၊ တရားတင်အားထုတ်လို့ရှိရင် ကိုယ်တွေ့တာလေးတင် အဟုတ်ထင်မှာ'၊ တစ်ယောက်နဲ့တစ်ယောက် အတွေ့ဆိုတာ တူတာ မဟုတ်ဘူး၊ မတူသည့်အတွက်ကြောင့် သူတွေ့တာ သူပြောလိမ့်မယ်၊ ကိုယ်တွေ့တာ ကိုယ်ပြောလို့ရှိရင် -

ကိုသုကောပမသုတ္တန်လိုပဲ၊ ပေါက်ပင်ကြီးကို မြင်တာက တစ်ချိန်စီ မြင်ထားတာဆိုတော့ - ပေါက်ပင်ကြီးက ဘာကြီးလဲဆိုရင် - ပေါက်ပင်ကြီးက မီးလောင်ပြင်ကြီးထဲက သစ်ပင်ကြီးလိုပါပဲ, အရွက်မရှိ ချောက်ကပ်ကပ်နဲ့ - ဒီလိုပြောတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတယ်၊ ပေါက်ပင်ကြီးဟာ အရွက်တွေနဲ့ စိမ်းနေတာပါလို့ ပြောတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်၊ အပွင့်ပွင့်တဲ့အချိန်မြင်ရင် ပေါက်ပင်ကြီးဟာ ရဲနေတာပဲလို့ ပြောတယ်၊ ကိုယ်မြင်တာ ကိုယ်ပြောကြတယ်၊ သူတို့ပြောတာက ပေါက်ပင်တော့ ပေါက်ပင်ပါပဲ၊ သို့သော် အကုန်လုံး ပြည့်ပြည့်စုံစုံ ဟုတ်ရဲ့လား? မဟုတ်ပါဘူး။

ဘာနဲ့ဥပမာတူလဲဆိုတော့ မျက်မမြင်တွေ ဆင်ကို စမ်းပြီးတော့ ဆင်ကိုညွှန်းကြ၊ သရုပ်ဖော်ကြတာ၊ အဲဒီဇာတ်လမ်းလေးကလည်း မြတ်စွာဘုရားဟောတဲ့ တရားတော်ထဲမှာပါတယ်၊ မြတ်စွာဘုရားဟောတဲ့ 'နာနာတိတ္ထိယ' ဆိုတဲ့ သုတ္တန်ထဲမှာ ပါတယ်။

ငယ်ငယ်တုန်းကဖတ်ဖူးတဲ့ ပုံပြင်လေးကတော့ ဆင်စမ်းတဲ့ မျက်မမြင်ပုဂ္ဂိုလ် ၆-ယောက်အကြောင်းတဲ့၊ ဖတ်ဖူးကြပါလိမ့်မယ်၊ ယခုစာပေထဲမှာတော့ မျက်မမြင်ပုဂ္ဂိုလ် ၆-ယောက် မဟုတ်ဘူး။

အတိုချုပ်ပြောရရင် သာဝတ္ထိပြည်က ဘုရင်ကြီး တစ်ပါး အပျင်းဖြေတဲ့အနေနဲ့ သာဝတ္ထိပြည်ရှိ မျက်စိနှစ်ကွင်း အလင်းမရတဲ့သူတွေကို နန်းရင်ပြင်မှာ စုခိုင်းထားတယ်၊ မျက်မမြင်တွေ နန်းရင်ပြင်ရောက်လာကြတော့ မင်းမှုထမ်းတွေက အစု ၉-စု ခွဲထားတယ်၊ အစု ၉-စု ခွဲပြီးတော့ ဆင်ယဉ်ကြီးတစ်ကောင် ခေါ်ထားပြီး အဲဒီ ၉-စုမှာ တစ်စုနှင့် တစ်စု မတူအောင် ဆင်ကို ပြလိုက်တယ်။

တစ်စုကိုတော့ ဘာကိုင်ပြလဲ ဆိုတော့ အစွယ်ကိုင်ပြတယ်၊ ဆင်ဆိုတာ ဟောဒါကွလို့ အစွယ်ကို ကိုင်ပြတော့ ဆင်ဆိုတာ သံချောင်းကြီးလိုပါလားလို့ အစွယ်ကို ကိုင်ပြီး ပြောတယ်၊ နောက်တစ်စုကိုကျတော့ နားရွက်ကို

ကိုင်ပြတာ၊ ဆင်ဆိုတာ ဇကောကြီးလိုပါလား၊ အဲဒီလို မှတ်ထားတယ်၊ နောက်တစ်စုကျတော့ နှာမောင်းကြီးကို ကိုင်ပြတယ်၊ ထွန်သွားကြီးလိုပါလား၊ ဒီလို ပြောကြတယ်၊ ခြေထောက်ကိုင်ပြတဲ့ အစုကျတော့ ဆင်ဆိုတာ တိုင်လို ဟာကြီးပါလား၊ ဆင်ရဲ့ကိုယ်လုံးကို ကိုင်ပြတဲ့အခါကျတော့ ဆင်ဆိုတာ နံရံကြီးလိုပါလားလို့ အဲဒီလို ပြောကြတယ်၊ အမြီးရိုးကိုပြတဲ့အခါ ဆင်ဆိုတာ သံချောင်းကြီးလိုပါလား၊ မြီးဖျားကို ပြတဲ့အခါကျတော့ ဆင်က တံမြက်စည်းကြီးနဲ့ တူတယ်၊ အမျိုးမျိုး ပြောကြတယ်။

အဲဒီလို တစ်မျိုးစီ မတူအောင် ပြပြီးတဲ့အခါကျတော့ ဘုရင်ကြီးက ထွက်လာတယ်၊ ထွက်လာပြီး အုပ်စု ၉-စု ကိုမေးလိုက်တယ်၊ ကဲ မင်းတို့ ဆင်မြင်ကြပြီလား၊ ဆင်ကို မင်းတို့ မြင်တဲ့အတိုင်း ပြောကြစမ်း၊ ဆင်က ဘာနဲ့ တူလဲ ဆိုတော့- မှန်လှပါဘုရား ဆင်ဆိုတာ သံချောင်းကြီးလိုပါ ဘုရား၊ အဲဒီလို ပြောတဲ့အခါကျတော့ ကျန်တဲ့ကောင်တွေ က ဘာသံချောင်းရမှာလည်းကွ- တချို့က တံမြက်စည်း လိုဟာကြီး, တချို့က တိုင်လိုဟာကြီးနဲ့ ထပြီး ငြင်းကြတာ၊ ငြင်းပြီးတော့ ထိုးကြကြိတ်ကြ ရန်ဖြစ်ကြတယ်၊ ဘုရင်ကြီး က သဘောကျပြီး ခွက်ထိုးခွက်လှန် ရယ်သတဲ့။

ဘာပြောလိုတာတုန်းဆိုတော့ သူတို့ကို ဆင်ကိုတော့ ပြတာချည်းပဲ၊ သို့သော် ဆင်တစ်ကိုယ်လုံးပြတာ မဟုတ်ဘူး၊ အကယ်၍ တစ်ကိုယ်လုံးကို တစ်ပြိုင်နက်သာ ပြမယ်ဆိုရင် ဆက်စပ်ပြီးတော့ အစွယ်လည်း ပါတယ်၊ နားရွက်လည်း ပါတယ်၊ နှာမောင်းလည်း ပါတယ်၊ ခြေထောက်လည်း ပါတယ်၊ အမြီးလည်းပါတယ်၊ ကိုယ်လည်း ပါတယ်၊ အဲဒါတွေ အကုန်လုံးပေါင်းမှ ဆင်ဆိုရင် ငြင်းစရာလိုသေးလား။

ဒါကြောင့်မို့ ငြင်းနေတယ်ဆိုတဲ့လူတွေဟာ အကုန်မမြင်လို့ ငြင်းနေတာပါ၊ အကုန်မြင်ရင် မငြင်းပါဘူး၊ ဒါ့ကြောင့် ငြင်းတယ်ဆိုတာ တစိတ်တဒေသသာ သိတဲ့လူက ငြင်းတာ၊ အကုန်သိတဲ့လူက မငြင်းဘူး၊ မင်းပြောတာလည်း ဟုတ်တယ်၊ အေး မင်းပြောတာလည်း ဟုတ်တယ်၊ ဒီလို လက်ခံရမယ်။

ဟုတ်တယ် အစွယ်ကို ပြောတာဟာ သံချောင်းလိုပဲ၊ ခြေထောက်ကို ပြောတာဆိုရင် ဟုတ်တယ် တိုင်ကြီးလိုပဲ၊ လက်ခံရမှာပဲပေ့ါ၊ အကုန်လုံးကို မမြင်သည့်အတွက်ကြောင့် လူတွေဟာ ငြင်းနေကြတယ်၊ အဲဒီလို အငြင်းပွားနေကြတာဟာ ပြည့်ပြည့်ဝဝ မမြင်ကြလို့ အငြင်းပွားနေကြတာ။

ဒီလို အငြင်းပွားမှုမျိုး မဖြစ်အောင်, အပြည့်အဝ မသိတာ မဖြစ်ရအောင်၊ ကိုးရီးယားဘုန်းကြီးတွေကို ပြောရတယ်၊ ပိဋကတ်ကို ပြည့်ပြည့်ဝဝသင်လို့၊ ကိုယ့်သန္တာန်မှာ သိလာပြီဆိုလို့ရှိရင် စာပေဆိုတဲ့ ဓမ္မမှတ်ကျောက်ရှိလာပြီ ဆိုရင် ငြင်းစရာ ရှိဦးမလား၊ မရှိတော့ဘူး၊ ဒါကြောင့်မို့ ဓမ္မမှတ်ကျောက်ဆိုတာ စာပေထဲမှာပါတယ်လို့-အဲဒီအတိုင်း မှတ်သားပြီးတဲ့အခါ ငြင်းစရာ မရှိတော့ဘူး၊ ဒါ့ကြောင့်မို့ ပရိယတ်ကို သင်ရမယ်လို့ တိုက်တွန်းထားခဲ့တယ်။

ဆိုလိုရင်းကတော့ အားလုံးဟာ အမှန်တရားသိဖို့ အတွက် ရွှေအစစ်နဲ့ ရွှေအတုကို မှတ်ကျောက်တင်ပြီး ဆုံးဖြတ်ရမယ်၊ ဒါဟာ ဘုရားဟောတဲ့ တရားအစစ် ဟုတ်လား, မဟုတ်ဘူးလားဆိုတာ သိချင်ရင် ဓမ္မမှတ်ကျောက်နဲ့ တင်ရမယ်။

မြတ်စွာဘုရားက မဟာပဒေသသုတ္တန်မှာ ဟော ထားတာ ရှိတယ်၊ မဟာပဒေသဆိုတဲ့ အဓိပ္ပါယ်က 'မဟာ' ဆိုတာ ကြီးမြတ်တဲ့အရာကို, 'အပဒေသ'-ညွှန်းပြီးတော့ ပြောတာတဲ့၊ လူတွေလည်း ပြောတတ်ကြတယ်လေ မင်း ဒီသတင်း ဘယ်ကရတာလဲ၊ ဘယ်သူပြောတာလဲလို့ မညွှန်း ဘူးလား၊ ဘယ်စာထဲပါတာ, ဘယ်ဆရာတော်ဟောတာ လို့ မညွှန်းကြဘူးလား၊ အဲဒီလိုညွှန်းလာတာရှိလို့ မြတ်စွာ

ဘုရားက မဟာပဒေသဆိုတာနဲ့ ပတ်သက်ပြီးတော့ မှတ်ကျောက်တစ်ခု ပေးထားတယ်၊ မှတ်မှတ်သားသား ဖြစ်ပြီးတော့ အငြင်းပွားစရာရှိရင် အကုသိုလ် မဖြစ်အောင် နေတတ်ရမယ်၊ အမှန်တရားဆိုတာ ကိုယ်တိုင်သိရမှာ ဖြစ်တယ်၊ တစိတ်တဒေသ ကြည့်ရင် တစိတ်တဒေသ သိရင် ခုနက ဆင်စမ်းသလို အငြင်းပွားကြတော့မှာပဲ။

ဒါကြောင့်မို့ မဟာပဒေသ ၄-ပါးဆိုတာ အကျဉ်းအားဖြင့် မှတ်သားရမယ်၊ နံပါတ်(၁)က တစ်ယောက်ယောက်က ကိုယ့်ကိုလာပြောတယ် - 'ဟောဒီတရားက ဘုရားကိုယ်တိုင် ဟောတာကို သူနာခဲ့ရပါတယ်'လို့ - ဘုရားပွင့်တုန်းက ဒါမျိုး ဖြစ်နိုင်တယ်နော်၊ ဘုရားရှင်ကို မှီတဲ့ ပုဂ္ဂိုလ်က ပြောတာ၊ 'ငါ ဘုရားဆီက ကိုယ်တိုင်နာခဲ့ရတဲ့တရားပါ' လို့ ပြောရင်တဲ့ လက်မခံလိုက်နဲ့ ပြန်ပြီးတော့လည်း မငြင်းလိုက်နဲ့တဲ့၊ လက်ခံခြင်း ငြင်းပယ်ခြင်း မလုပ်ပါနဲ့တဲ့၊ ဒါ မှတ်ထားရမှာနော်။

ဘာလုပ်ရမလဲဆိုရင် မြတ်စွာဘုရားဟောတဲ့ သုတ္တန်တွေ, ဘုရားရဲ့အဆုံးအမတွေနဲ့ တိုက်ဆိုင်ကြည့်ပါတဲ့၊ ဒါတော့ နဲနဲစာတတ်ဖို့ လိုတာပေါ့။ စာမတတ်ရင် စာတတ်တဲ့ပုဂ္ဂိုလ်နဲ့ ကြည့်ရမှာပေါ့၊ သုတ္တန်, ဝိနယလို့ ဆိုတဲ့ ဘုရားဟောတဲ့တရားနဲ့ သွားပြီး တိုက်ဆိုင်ပါ၊ တိုက်

ဆိုင်လိုက်တဲ့အခါ အဲဒီပုဂ္ဂိုလ် ပြောတဲ့စကားဟာ ဘုရားဟောတဲ့ထဲမှာ ဘောင်မဝင်ဘူး၊ ထော်လော်ကန့်လန့် ဖြစ်တယ် မှားယွင်းနေတယ်ဆိုရင် လက်မခံနဲ့တဲ့ စွန့်ပစ်လိုက်၊ အဲဒီကျမှ စွန့်ပစ်ရမှာ၊ ဒါ ဘယ်လောက်ကောင်းတဲ့ မှတ်ကျောက်လဲ၊ မြတ်စွာဘုရား ဟောထားတာ၊ အကယ်၍ သူပြောတဲ့စကားဟာ သုတ္တန်တွေနဲ့ ညီညွတ်ရင် လက်ခံလိုက်ပါ၊ လက်ခံတာက ချက်ချင်းလက်ခံဖို့ မဟုတ်ဘူး၊ တိုက်ဆိုင်ပြီး ကြည့်ရမယ်၊ တိုက်ဆိုင်ပြီး ကြည့်လို့ မှန်ကန်မှ လက်ခံ၊ မမှန်ဘူးဆိုရင် ပယ်လိုက်၊ ဒါပြောတာ၊ ဒါက ဘုရားဆိုတဲ့ အင်မတန်ကြီးမြတ်တဲ့ပုဂ္ဂိုလ်ကို ရည်ညွှန်းပြီးတော့ ပြောတဲ့ မဟာပဒေသတစ်ခု။

နံပတ်(၂)ကျတော့ ဟောဒါ ဘုရားဟောပါလို့ ဆိုပြီးတော့ သံဃာတွေအားလုံးက လက်ခံထားတာ ဖြစ်ပါတယ်လို့ တစ်ယောက်က ပြောလာခဲ့ရင် နားထောင်တဲ့ပုဂ္ဂိုလ်က ဘာလုပ်ရမလဲဆိုရင် လက်လည်း မခံလိုက်နဲ့ဦး၊ ငြင်းလည်း မငြင်းလိုက်နဲ့ဦး၊ ဘာလုပ်ရမလဲ ဘုရားဟောထားတဲ့ အခြားသုတ္တန်တွေ, ဝိနည်းတွေနဲ့ တိုက်ကြည့်လိုက်ပါ၊ တိုက်ကြည့်လို့ သံဃာတွေပြောတဲ့ စကားပဲ ဖြစ်လင့်ကစား ဘုရားဟောတဲ့ သုတ္တန် ဝိနယတွေနဲ့ တိုက်ဆိုင်လို့ မရဘူး၊ မှားယွင်းနေတယ်ဆိုရင် ဒါဟာ သူတို့ရဲ့အမှတ်

မှားမှုပဲ၊ အကယ်၍ တိုက်ဆိုင်လို့ ညီညွတ်တယ်ဆိုရင်တော့ လက်ခံလိုက်ပါ။ ငြင်းစရာရှိသေးလား (မရှိတော့ပါဘူး)၊ အငြင်းပွားမှု မလုပ်ရဘူးလို့ မြတ်စွာဘုရားက ဒီနည်းလမ်းတွေ ပေးထားတာ။

နောက် နံပါတ်(၃)က သံဃာတော်ကိုတော့ မရည်ညွှန်းဘူး၊ ဘာကိုရည်ညွှန်းလဲဆိုရင် ဘယ်ကျောင်းတိုက်က စာတတ်ပေတတ် ဆရာတော်ကြီးတွေ, ပါမောက္ခဆရာတော်ကြီးတွေ, သံဃာ့ဦးဆောင်ဆရာတော်ကြီးတွေ, သံဃာ့အဖွဲ့အစည်းတွေက ဒါဘုရားဟောတရားလို့ ပြောလာတယ်ဆိုရင် လက်ခံရမလား၊ လက်မခံနဲ့ဦး၊ ငြင်းပယ်ရမလားဆိုရင်လည်း မငြင်းပယ်နဲ့ဦး၊ ဘုရားဟောတဲ့ ဝိနည်းတို့ သုတ္တန်တို့နဲ့ တိုက်ဆိုင်ကြည့်ပါဦး၊ တိုက်ဆိုင်ကြည့်လို့ မမှန်ဘူးဆိုရင် ဒါ သူတို့အမှတ်မှားတာပဲလို့ စွန့်ပယ်လိုက်ပါ၊ ညီညွတ်တယ်ဆိုမှ လက်ခံပါတဲ့။

နောက်ဆုံးတစ်ခု နံပါတ်(၄)က ဘာလဲဆိုလို့ရှိရင် ဘယ်ကျောင်းတိုက်က နံမည်ကျော် ဘယ်ဆရာတော်ကြီးကနေပြီးတော့ ဒါ ဘုရားဟောလို့ ဟောလိုက်တယ်, ဘယ်တရားပွဲမှာ ဟောလိုက်တယ် စသည်ဖြင့်ပေါ့၊ ဘုရားဟောဆိုပြီး ဟောသွားတယ် ဆိုလို့ရှိရင် ချက်ချင်းကြီး လက်မခံလိုက်နဲ့, ငြင်းလည်း မငြင်းလိုက်နဲ့တဲ့၊ ဟုတ်တယ် မဟုတ်

ဘူး မလုပ်နဲ့ဦး၊ ဘုရားဟောထားတဲ့ ဓမ္မအစစ်တွေ ဝိနည်း အစစ်တွေနဲ့သာ တိုက်ကြည့်လို့ မှားယွင်းနေပြီ၊ ကိုက်ညီမှု မရှိဘူးဆိုလို့ရှိရင် ဒါသူမှားယွင်းပြီး ပြောတာပဲဆိုပြီးတော့ လက်မခံဘဲ ထားပါတဲ့၊ အကယ်၍ တရားတော်တွေနဲ့ ညီညွတ်တယ် ဆိုလို့ရှိရင် လက်ခံပါ၊ ဒါကို မဟာပဒေသ ၄-ပါးလို့ ခေါ်တယ်။

ဒီစည်းကမ်းအတိုင်း သွားမယ်ဆိုလို့ရှိရင် ဘုန်းကြီး တို့ အငြင်းပွားစရာ လိုသေးလား? မလိုဘူး၊ အမှန်တရားကို စွန့်ပယ်ပြီး အမှားကိုရော မှတ်မိစရာ ရှိသေးလား? မရှိ တော့ဘူး၊ အဲဒါကို ဓမ္မမှတ်ကျောက်လို့ ပြောတာ၊ မြတ်စွာ ဘုရားကိုယ်တော်တိုင်က အဲဒီလိုလုပ်ဖို့မှာခဲ့တာ၊ ဘယ်အရာ ကိုမှ အရမ်းလက်မခံနဲ့၊ သံဃာကို ကြည့်ပြီးတော့လည်း လက်မခံနဲ့၊ မှန်တယ် မှားတယ်ဆိုတာ ကိုယ့်ဖာသာ ကိုယ် လေ့လာပြီးတော့ ဆုံးဖြတ်ရမယ်တဲ့၊ ဒါက မှတ်ကျောက် တစ်ခုပဲ။

နောက်ထပ် ရှင်ဥပါလိမထေရ်ကို ဟောကြားပေး ခဲ့တဲ့ ဓမ္မမှတ်ကျောက်တစ်ခုကတော့ ကိုယ့်ကိုယ်နဲ့ တိုက် ကြည့်ပြီးတော့ တိုင်းတာရမယ်၊ အဲဒါ ပိုအရေးကြီးတယ် မှတ်ရမယ်၊ ခုနဟာက စာပေကျမ်းဂန်တွေ တတ်သိဖို့ လိုသေးတယ်၊ အခုပြောမှာက စာပေကျမ်းဂန်တတ်သိဖို့

မလိုဘဲနဲ့ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ တိုင်းတာကြည့်ရမယ်။

မြတ်စွာဘုရားက ရှင်ဥပါလိကို ဟောခဲ့တယ်၊ 'ဒါက မြတ်စွာဘုရားရဲ့အဆုံးအမ, ဒါက ဘုရားဟောခဲ့တဲ့ ဓမ္မ, ဒါက ဘုရားဆုံးမခဲ့တဲ့ဝိနယ၊ ဓမ္မရယ်-ဝိနယရယ်၊ မြတ်စွာဘုရားရဲ့အဆုံးအမရယ်' လို့ ဘာနဲ့ စံထားကြမလဲ၊ ဘုရားတရားအစစ်ပါလို့ ဆိုမှတော့ ဒီကျင့်စဉ်က မှန်ပါတယ်လို့ ဘာနဲ့စံထားရမလဲ။

ခုခေတ်မှာလည်း အငြင်းပွားတာတွေ ရှိတယ်နော်၊ မြန်မာပြည်တင် မကဘူး, တခြားမှာလည်း အငြင်းပွားတာ ရှိတယ်၊ တရားကျင့်တဲ့သူတွေ အသိုင်းအဝန်းမှာလည်း တရားကျင့်တဲ့သူတွေ အချင်းချင်း ငြင်းနေကြတာပဲ၊ မငြင်းသင့်ဘူး၊ အမှန်တရားဆိုတာ ကိုယ်တိုင်ရှာရမယ်၊ ငြင်းရင် ဘာဖြစ်မလဲ၊ အကုသိုလ် ဖြစ်မယ်၊ အကုသိုလ်ဖြစ်ရင် ကောင်းသလား? မကောင်းပါဘူး၊ အဲဒီတော့ အငြင်းပွားမှု မရှိအောင် ဒီဓမ္မမှတ်ကျောက်လေးကို ကိုယ်စီကိုင်ထားဖို့ လိုတယ်၊ ဒါက ဓမ္မစစ်ပါ၊ ဒီလို လုပ်ရပါတယ် ဆိုလို့ရှိရင် ဘာနဲ့ စစ်ဆေးကြည့်ရမလဲဆိုရင် ဟောဒီ အချက် ၇-ချက်နဲ့ စစ်ဆေးကြည့်ရမယ်။

မြတ်စွာဘုရား တရားတော်ဆိုတာ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ သံသရာဝဋ်တွင်း၌ ငြီးငွေ့ပြီး သင်္ခါရတရားတွေပေါ်မှာ သာယာမှုနည်းပါးလာတယ်၊ တရားမေ့ကျင့်လျက်သားနဲ့ သံသရာကလည်း မငြီးငွေ့ဘူး၊ သင်္ခါရတရားတွေပေါ်မှာ သာယာမှုကလည်း တိုးပွားနေသေးတယ်၊ ဒီအခြေအနေနှစ်ခု မဖြစ်နိုင်ဘူးလား- တရားအားထုတ်တဲ့အခါ သံသရာထဲမှာပိုပျော်လာတာနဲ့ သံသရာထဲမှာ ငြီးငွေ့လာတာ။

အဲဒီလို ဖြစ်လာလို့ရှိရင် စံပေးထားတယ်၊ ဘုရားဟောတဲ့တရားဟာ လက်တွေ့ကျင့်သုံးလိုက်မယ် ဆိုလို့ရှိရင် 'ဧကန္တနိဗ္ဗိဒါယ'-သင်္ခါရတရားတွေအပေါ်မှာ သာယာစရာဆိုတာ မတွေ့တော့ဘဲနဲ့ သံသရာဝဋ်ဆင်းရဲကြီးကို ငြီးငွေ့လာရမယ်၊ ငြီးငွေ့မှုကို မဖြစ်စေဘူးဆိုရင် ကိုယ်ကျင့်နေတဲ့ တရားဟာ တရားစစ် မဟုတ်သေးဘူးလို့ ဒီလိုပြောတာ၊ ငြီးငွေ့မှုကို ဦးတည်သွားရမယ်၊ ဒါ နံပါတ် (၁) အချက်နော်။

နောက်တစ်ခုက ဘာလဲဆိုရင် 'ဝိရာဂ' - မြတ်စွာဘုရားဟောထားတဲ့ တရားတော်ဟာ ကာမဂုဏ်အာရုံ ဆိုတဲ့တပ်မက်မှုတွေ ကင်းသွားရမယ်၊ သံသရာမှာ တွယ်တာမှုတွေ လျော့နည်းသွားရမယ်၊ နောက်ဆုံး ကင်းသွားနိုင်

တဲ့အနေအထား ရှိရမယ်၊ ကျင့်လေလေ တပ်မက်မှု, တွယ်တာမှုတွေ လျော့လာလေလေ၊ အကယ်၍ တွယ်တာမှုတွေ လျော့မလာဘဲနဲ့ တိုးလာပြီဆိုရင် တရားစစ် မဟုတ်ဘူး၊ တွယ်တာမှုတွေ လျော့သွားမှ တရားစစ်ဖြစ်တာ၊ ဒါ နံပါတ်(၂)။

နံပါတ်(၃)က 'နိရောဓ'- ကိလေသာတွေ ချုပ်ငြိမ်းသွားရမယ်၊ ကိလေသာဆိုတဲ့ လောဘတွေ ချုပ်ငြိမ်းသွားရမယ်, ဒေါသတွေ ချုပ်ငြိမ်းသွားရမယ်, မာန်မာနတွေ ချုပ်ငြိမ်းသွားရမယ်, မငြိမ်းဘဲနဲ့ တိုးလာတယ်ဆိုရင် မဟုတ်သေးဘူး၊ တိုးလာပြီဆိုရင် ဒီတရားဟာ တရားစစ် တရားမှန် မဟုတ်ဘူးတဲ့၊ တချို့ကျတော့ တရားအားထုတ်လိုက်တဲ့ အခါကျတော့- ကြားဖူးတာလေး ပြောတာပါ၊ တရားအားထုတ်ပြီး ရိပ်သာကပြန်လာတဲ့ အခါကျတော့ အိမ်နားချင်းတွေနဲ့ မခေါ်နိုင်, မပြောနိုင် ဖြစ်တယ်၊ ငါက တရားထူး, တရားမြတ်တွေ ရလာတာ၊ နင်တို့က သံသရာထဲ လည်ဦးမှာ, ငါကတော့ လည်စရာမရှိတော့ဘူး၊ လူချင်းမပြောနဲ့ ဘုန်းကြီးတွေတောင် ဒီကိုယ်တော်တွေက တရားထူး တရားမြတ် မရသေးဘူး၊ တို့ထက် နိမ့်တယ်လို့ ထင်သွားတယ်၊ ဟုတ်တယ်မို့လား၊ အေး ဒါတွေ ဝင်လာရင် ဒါတရားစစ် မဟုတ်ဘူး၊ ကိုယ့်သန္တာန်မှာ မာန်မာနတွေ

တက်လာတာဟာ တရားစစ် မဟုတ်ဘူး၊ ဒါတွေ မဖြစ်အောင် ဖယ်ရှားပစ်မှ တရားစစ်ဖြစ်မှာ။

ဟော ၃-ချက်ရှိပြီ၊ နံပါတ်(၁) က ကေန္တနိဗ္ဗိဒါယ-တကယ့်ကို သာယာမှုတွေ ငြီးငွေ့သွားတာ၊ လျော့ကျသွားတာ၊ နံပါတ်(၂)က ဝိရာဂ- တွယ်တာမှုတွေ ပြတ်တောက်သွားတာ၊ နံပါတ်(၃)က နိရောဓ-ကိလေသာတွေ ချုပ်ငြိမ်းသွားတာ။

နံပါတ်(၄)က တရားတစ်ခုဟာကျင့်ကြံလိုက်တာနဲ့ ငြိမ်းအေးသွားတယ်၊ တရားကိုအကြောင်းပြုပြီးတော့ စိတ်ထဲမှာ ပူပန်တာတွေ့သောကတွေ နည်းသွားတယ်၊ ဘယ်လိုပြဿနာမျိုးနဲ့ တွေ့တွေ့ စိတ်ထဲမှာ မပူပင်တော့ဘူး၊ ငြိမ်းနေတယ်၊ တရားနှလုံးသွင်းပြီး နေနိုင်တယ်။

ဆိုပါစို့-ပဋာစာရီတို့ သောကဖြစ်ပြီး ရူးသွားတယ်၊ တရားတွေနဲ့ တွေ့တဲ့အခါ ဒါတွေ ငြိမ်းပြီး အေးမသွားဘူးလား? စိတ်တွေ ငြိမ်းအေးသွားတယ်၊ အခါတိုင်းလို ပူပန်တာတွေ မရှိတော့ဘူး၊ အော် ငါ့ရဲ့အိမ်သား လမ်းမှာဆုံးသွားတယ်၊ ငါ့ကလေးနှစ်ယောက်လည်း လမ်းမှာသေသွားတယ်၊ အမေတွေ အဖေတွေ မောင်တွေလည်း မရှိတော့ဘူး၊ အားလုံးသေကုန်ပြီ၊ စိုးရိမ်သောကတွေဖြစ်ပြီး အရူးမဘဝရောက် သွားတယ်၊ အဲဒီအရူးမဘဝ ရောက်သွားတဲ့

သောကသည်မ ပဋာစာရီဟာ ဗုဒ္ဓမြတ်စွာရဲ့ တရားဓမ္မကို ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်တဲ့အခါ 'ဥပသမ' - ရင်ထဲမှာ အပူတွေပျောက်ပြီး ငြိမ်းသွားပါတယ်၊ ကဲ တရားအားထုတ်ပြီး အဲဒီလိုငြိမ်းအေးမှုတွေ ရရဲ့လားတဲ့၊ အတိုင်းအတာလေးတွေ ရှိရမယ်။

ဆိုပါစို့ - ကိုယ်ဟာကိုယ် တိုင်းတာကြည့်ပေါ့။ အရင်တုန်းက သိပ်ပူပန်တတ်တယ်၊ အခုတော့ မပူတော့ဘူးဆိုတာ ဖြစ်လာရတယ်၊ ဓမ္မလမ်းကြောင်းကို တွေ့ပြီး မပူတာမျိုး ဖြစ်ရမယ်၊ တရားအသိကို သိလာပြီးတော့ ပူပန်သောကတွေ လျော့ပြီး နောက်ဆုံးမှာ ပူပန်သောကတွေ လုံးဝမရှိတော့ဘူး၊ အေး ဒီအငြိမ်းဓာတ်လေး ရလာပြီဆိုမှ ဘုရားရဲ့တရားအစစ်လို့ မှတ်ပါ။

နောက်တစ်ခု နံပါတ်(၅)က 'အဘိညာ' တဲ့၊ သိမြင်မှုတွေက ထူးခြားလာတယ်၊ အရင်က သိတာတွေနဲ့ မတူဘူး၊ ရှင်းရှင်းလင်းလင်း သိလာတယ်၊ ဒုက္ခသစ္စာကိုလည်း ကောင်းကောင်းကြီး သိလာတယ်၊ နိဗ္ဗာန်ရဲ့သဘောသဘာဝကိုလည်း ကောင်းကောင်းကြီး သိလာတယ်၊ အဘိညာဉ်ဆိုတာ ထူးခြားတဲ့အသိဉာဏ်ကို ရတယ်၊ နံပါတ်(၆) က သမ္ဗောဓ - သစ္စာ ၄-ပါးကို မှန်မှန်ကန်ကန် သိလာတယ်။

အဲဒီလို ထူးခြားတဲ့မွေ့အသိတွေ ဖြစ်လာပြီဆိုလို့ရှိရင် ကြည့်- တရားနာတဲ့အချိန်နဲ့ တရားမနာရသေးတဲ့အချိန်- ပြောရမယ်ဆိုရင် ဆေးစားပြီးတဲ့ပုံနဲ့ ဆေးမစားမီပုံ မတူဘူးဆိုတာ ရှိတယ်မဟုတ်လား၊ အဲဒါမျိုးတွေလိုပဲ တရားအသိ မရှိခင်တုန်းက တစ်မျိုး၊ တရားအသိ ရှိပြီးတဲ့အချိန်က တစ်မျိုးဆိုပြီး မပြောင်းသင့်ဘူးလား၊ တရားမသိခင်တုန်းက ပုံစံမျိုးပဲ၊ ရိပ်သာတွေသွား တရားစခန်းတွေ အကြိမ်ကြိမ်ဝင် ပုံမပျက်ဘူး၊ ဒီပုံစံပဲ ရှိသေးတယ်၊ အရပ်ထဲနေလို့ရှိရင် ပုံစံပြောင်း မသွားသေးဘူး၊ အချိုးအစားက ဒီအတိုင်းပဲဆိုရင် တရားမရသေးဘူးလို့ မှတ်ရမှာပဲ၊ အချိုးအစားတွေ ပြောင်းသွားပြီ၊ သိမ်မွေ့လာတယ်၊ ဒီလိုဖြစ်လာတယ်၊ တရားရှင်ဖြစ်လာရင် သိမ်မွေ့လာတယ်၊ နူးညံ့လာတယ်၊ အပြောအဆိုတွေကလည်း အင်မတန်ယဉ်ကျေးလာတယ်၊ ဒီလို တိုးတက်မှုတွေ ရှိလာတယ်။

နောက်ဆုံး နံပါတ်(၇)ကတော့ 'နိဗ္ဗာနာဃ' - နိဗ္ဗာန်ကို လက်ရှိတွေ့သွားတဲ့ အနေအထားမျိုး ရှိရမယ်၊ ဒါ အဆင့်အလွန်မြင့်သွားပြီးပေါ့။

အားလုံး ပေါင်းလိုက်တဲ့အခါ မြတ်စွာဘုရားတရားတော်ဟာ ဘယ်ကိုဆောင်ကြဉ်းသွားလဲဆိုတော့ အခြေအနေ ၇-ခု ရောက်သွားအောင် ဆောင်ကြဉ်းသွားတယ်။

ဘုရားတရားတော် ဆောင်ကြဉ်းသွားတာက သံသရာ ဝဋ်ဒုက္ခ သခ်ါရတရားတွေကို ငြိးငွေ့လာတဲ့သဘော ရှိရမယ်၊ ဒီတရားကျင့်လိုက်တဲ့အခါ ခါတိုင်းလို ကာမဂုဏ် အာရုံတွေနဲ့ မပျော်တော့ဘူး၊ ဆိုပါစို့-အရင်က တီဗွီနားက မခွာဘူး၊ ယခု ဒါတွေဟာ အပိုပဲလို့ ကြည့်ချင်စိတ် မရှိတော့ဘူး၊ လူတွေဆိုတာ စိတ်ဓာတ်ကအမျိုးမျိုးလေ- ပွဲကြိုက်တဲ့ လူက ပွဲပဲ ကြိုက်တာပဲ၊ သူတို့က ထင်ကောင်းထင်လိမ့်မယ်၊ ရိပ်သာတွေသွားပြီး တရားစခန်းမှာ တရားထိုင်နေတာကို ပွဲကြိုက်တဲ့သူအနေနဲ့ မြင်ရင် ဘယ်လိုနေမလဲ၊ 'အမလေး ပျင်းစရာကြီး သွားပြီးငုတ်တုတ်ကြီး ထိုင်နေတယ်'လို့ မထင်ပေဘူးလား? အဲဒီလို ထင်မှာပဲ၊ ပွဲကြိုက်တဲ့သူကတော့ 'ဒို့တော့ ပျော်လိုက်တာ၊ ရယ်လို့မောလို့ စားလို့သောက်လို့'၊ သူကလည်း ဒါကြိုက်တာပဲလေ၊ တရားအားထုတ်သူရဲ့ ကြည်နူးမှု ပီတိ, အသိဉာဏ်တို့ကို သူသဘောမပေါက်ဘူးလေ၊ အဲဒီတော့ သဘာဝချင်း တူရဲ့လား၊ မတူဘူး။

တရားတော်ကိုသိရင် အခြေအနေက ပြောင်းလဲသွားတယ်၊ အရင်တုန်းက ပွဲကြိုက်တယ်၊ အခု ပွဲမကြိုက်တော့ဘူး၊ ဒါပြောင်းလဲမှုတစ်ခု မဖြစ်ပေဘူးလား၊ အရင်တုန်းက အရပ်ထဲမှာ ကျယ်ကျယ်လောင်လောင် ပြောတယ်၊

ကြမ်းကြမ်းတမ်းတမ်းပြောတယ်၊ အခု အဲဒီလို မပြောတော့ဘူး၊ ပြောင်းလဲမှု မဖြစ်ဘူးလား၊ ဖြစ်လာတယ်၊ အရင်တုန်းက သံယောဇဉ်တွေ သိပ်ကြီးတယ်၊ အခုတော့ သိပ်မထားတော့ဘူး၊ မဖြစ်ပေဘူးလား၊ အဲဒီလို ကွဲပြားခြားနားမှုတွေ ရှိလာလို့ရှိရင် ဗုဒ္ဓမြတ်စွာက တကယ့်တရားအစစ်လို့ ဒီလိုဟောထားတာ။

ကေန္တနိဗ္ဗိဒါယ - သံသရာဝဋ်ဆင်းရဲကြီးက လွတ်ကင်းလိုတဲ့ စိတ်ဆန္ဒတွေ, သံသရာဝဋ်ဆင်းရဲကို ပျော်ရွှင်စရာလို့ မမြင်တော့ဘူး၊ ပျော်ရွှင်စရာလို့ မမြင်တော့ဘဲ စိတ်ပျက်စရာ စိတ်ဓာတ်ကျတယ်ဆိုရင်တော့ အဲဒီ ၂-ခုက depression ဖြစ်တာ၊ တရားက depression ဖြစ်စေတာ မဟုတ်ဘူး၊ စိတ်ဓာတ်တွေ depression ဝင်သွားရင် မဟုတ်သေးဘူး၊ ဝိရာဂ- မြတ်စွာဘုရားတရားတော်က အမှန်မြင်ပြီးတဲ့အခါ လူက ဒီသဘာဝတရားတွေပေါ်မှာ တွယ်တာမှုကင်းပြတ်သွားတာ ဖြစ်တယ်၊ စိတ်ဓာတ်ကျတာမျိုး မဖြစ်ဘူး၊ နေရထိုင်ရတာ ငြိမ်းချမ်းသွားတာမျိုး ဖြစ်တယ်၊ တွယ်တာမှုတွေ မက်မောမှုတွေ အခု မရှိတော့ဘူး။

နိရောဓ- ကျန်တဲ့စိတ်ဓာတ်ဆိုင်ရာအညစ်အကြေးတွေ ရှိတယ်၊ အခုတော့ မရှိတော့ဘူး၊ ဥပသမ- ငြိမ်းချမ်းလာတယ်၊ အဘိညာ- အသိဉာဏ်တွေလည်း ထူးခြားလာ

တယ်၊ သမ္မောဓ- အမှန်တရားနဲ့ ပတ်သက်ပြီး သစ္စာ ၄-ပါးနဲ့ပတ်သက်ပြီး ကောင်းကောင်းကြီး သဘောပေါက်လာတယ်၊ နိဗ္ဗာန- တကယ့် သူတော်စင်တွေ ရောက်သွားတဲ့ နိဗ္ဗာန်ကို စိတ်ဝင်စားတယ်၊ ဒီလို တိုးတက်မှု အခြေအနေတွေကို ရရှိစေမှ, အဲဒါတွေကို ဆောင်ကြဉ်းသွားတဲ့တရားမှ တကယ့်စစ်မှန်တဲ့တရားပါလို့ မြတ်စွာဘုရားက ရှင်ဥပါလိကို ဟောတဲ့ 'သတ္ထုသာသနသုတ္တန်' ဆိုတာ ရှိတယ်။

ဘုန်းကြီးတို့ အခုဟောတာက အင်္ဂုတ္တရနိကာယ်မှာပါတဲ့ မဟာပဒေသသုတ်နဲ့ အဲဒီအင်္ဂုတ္တရနိကာယ်ထဲမှာပဲ ပါတဲ့ သတ္ထုသာသနသုတ္တန်ကို မြန်မာလိုရှင်းပြီး ပြောတာဖြစ်တယ်၊ ဘုန်းကြီးတို့ပြောတာ မဟုတ်ဘူး။

အကျဉ်းချုပ်နားလည်ရမှာကတော့ 'ဓမ္မမှတ်ကျောက်' ဆိုတာ စာပေနဲ့တင်ပြီး ကြည့်တာလည်း ဓမ္မမှတ်ကျောက်ပဲ၊ ကိုယ့်ရဲ့ခံစားချက် ကိုယ့်ရဲ့အဆင့်နဲ့ ကြည့်တာလည်း ဓမ္မမှတ်ကျောက်ပဲ၊ ယောဂီပုဂ္ဂိုလ်တစ်ယောက်ဟာ ကိုယ်သိလာတဲ့အသိ ကိုယ့်ဖာသာ မသိပေဘူးလား၊ ကိုယ့်သန္တာန်မှာဖြစ်တဲ့ လောဘ, ကိုယ့်သန္တာန်မှာဖြစ်တဲ့ ဒေါသ, ကိုယ့်သန္တာန်မှာဖြစ်တဲ့ မာန်မာနတွေ ဣဿာ မစ္ဆရိယတွေကို မသိနိုင်ဘူးလား၊ ကိုယ့်သန္တာန်မှာ ဒီသဘာဝတရားတွေ ရှိနေသေးတယ်ဆိုရင် နည်းလာသလား, ပိုဆိုးလာသလား

ကိုယ့်ကိုယ်ကို မသိနိုင်ဘူးလား။ ကျင့်လို့ရှိရင် တဖြည်းဖြည်း နည်းလာတယ်၊ လျော့လာတယ်၊ ၁၀-ကြိမ်ဖြစ်တာဟာ ၇-ကြိမ်၊ ၅-ကြိမ်၊ ၃-ကြိမ်လောက်ပဲ ဖြစ်တော့တယ်၊ ဒါမျိုး ပြောတာ၊ လုံးဝမဖြစ်ဘူးဆိုရင် ဒါ လုံးဝငြိမ်းသွားတယ်။

တရားနဲ့ ပတ်သက်လာရင် အနုရုဒ္ဓသုတ်ကို သတိထားသင့်တာပေ့ါ။ ရှင်အနုရုဒ္ဓါမထေရ်မြတ်ဟာ သာသနာ့ဘောင်ဝင်လာပြီးတော့ ပထမ ၃-လ ဝါတွင်းကာလမှာ သမထကျင့်စဉ်တစ်ခုကို ကျင့်လိုက်တာ ဈာန်အဘိညာဉ်တွေ ရသွားတယ်၊ ဘာထူးထူးကဲကဲအောင်မြင်လဲဆိုရင် ဒိဗ္ဗစက္ခုအဘိညာဉ်မှာ ထူးထူးကဲကဲအောင်မြင်တယ်။

ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတာ ဒီစကြဝဠာတစ်ခု မပြောနဲ့ စကြဝဠာတစ်ထောင်ကို တစ်ထိုင်တည်းနဲ့ အာရုံပြုကြည့်လိုက်လို့ရှိရင် အကုန်မြင်နေရတယ်၊ အကုန်မြင်တယ်ဆိုတာ ဘာလဲ၊ သေသွားတဲ့လူ မြင်ရတယ်၊ သေပြီး ဘယ်ရောက်သွားတယ်ဆိုတာ မြင်ရတယ်၊ သေခါနီးဆဲဆဲပုဂ္ဂိုလ်တွေ ဘာဖြစ်နေတယ်ဆိုတာ အကုန်မြင်ရတယ်၊ သေသွားပြီး အခြားမဲ့ဘဝမှာ ဘယ်ရောက်နေတယ်ဆိုတာ မြင်ရတယ်၊ အဲဒါအားလုံး television ထဲကပုံကို ထိုင်ကြည့်နေရသလို မြင်ရတယ်၊ မြင်နေရလို့ စကြဝဠာတစ်ထောင်မှာ ရှိတာတွေကို အကုန်လုံး မြင်နိုင်စွမ်းရှိတယ်၊ ဒိဗ္ဗစက္ခုလို့

ခေါ်တယ်၊ ကိုယ့်အနီးနားမှာပဲရှိရှိ အဝေးမှာပဲရှိရှိ သေးတာပဲဖြစ်ဖြစ် ကြီးတာပဲဖြစ်ဖြစ် ကြည့်ချင်လို့ရှိရင် ကြည့်ချင်တဲ့ဘက်ကို ဦးလှည့်လိုက်တာနဲ့ အကုန်မြင်ရတယ်၊ ဒါရှင်အနုရုဒ္ဓါ ရခဲ့တဲ့ စွမ်းရည်ပဲ။

အဲဒီလို သမထကျင့်စဉ်အောင်လို့ အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်ဟာ မသိမသာ အကုသိုလ်တရားတွေ ဖြစ်လာတယ်၊ ရှေ့ဆက်ပြီး တရားကျင့်ပေမယ့် ရဟန္တာမဖြစ်ဘူး၊ မဖြစ်တဲ့အခါ ရှင်သာရိပုတ္တရာဆီ သွားမေးတယ်၊ "အရှင်ဘုရားတပည့်တော်မှာ စကြဝဠာတစ်ထောင်ကို ဒိဗ္ဗစက္ခုနဲ့ ကြည့်နိုင်တယ်၊ တပည့်တော်မှာ သတိတွေလည်း ကောင်းတယ်, ဝီရိယတွေလည်း ကောင်းတယ်၊ သမာဓိစွမ်းအားတွေလည်း ကောင်းတယ်၊ ဒါပေမယ့် ရဟန္တာမဖြစ်ဘူးဘုရား,ကိလေသာကင်းကွာတဲ့သူ မဖြစ်ဘူးဘုရား "- စကားက ၃-ခွန်းနော်။

အဲဒီလိုပြောတော့ ရှင်သာရိပုတ္တရာမထေရ်မြတ်က ဘာပြောလဲဆိုတော့ "ငါ့ရှင်အနုရုဒ္ဓါ- စကြဝဠာတစ်ထောင်ကို ဒိဗ္ဗစက္ခုနဲ့ ကြည့်နိုင်တယ်လို့ ထင်နေတာကိုက မာနပဲ"၊ ကြည့်-မာနဆိုတာ အကုသိုလ်၊ ယောဂီပုဂ္ဂိုလ်တွေ 'ငါတော့ တရားထိုင်တာ တစ်နေ့ကို ဘယ်နှစ်ကြိမ် ထိုင်နိုင်တယ်၊ ငါ့သမာဓိ ဘယ်လောက်ကောင်းတယ်၊ မထဘဲနဲ့ ဘယ်လောက်ထိုင်နိုင်တယ်၊ ၅-နာရီ ထိုင်နိုင်တယ်၊ ၆-

နာရီ ထိုင်နိုင်တယ်၊ အဲဒီလို သွားမတွေးနဲ့၊ အဲဒါ မာနပဲ၊ ရှေ့ကို တရားထူးတရားမြတ် မတက်နိုင်ဘူး။

သူပြောတာ မဟုတ်ဘူးလားဆို ဟုတ်တယ်၊ စကြ္ဝဠာတစ်ထောင်ကို တစ်ထိုင်တည်းနဲ့ ကြည့်နိုင်တယ်၊ ဟုတ်ပေမယ့် အဲဒီ မာနလေး ခံနေသည့် အတွက်ကြောင့် ရဟန္တာ မဖြစ်ဘူး။

နောက်တခါ ရှင်သာရိပုတ္တရာက ထောက်ပြတယ်၊ 'ငါ့မှာ သမာဓိတွေကောင်းတယ်, သတိလည်းကောင်းတယ်, ဝီရိယတွေလည်း ကြိုးစားအားထုတ်တယ်'၊ အဲဒီလိုတွေးတာ က ဥဒ္ဓစ္စ စိတ်တွေလေလွင့်နေတာ၊ ဒီလိုတွေးတာကိုက သမာဓိပျက်ပြားတာပဲ၊ အဲဒီအတွေးတွေ မဖျောက်လို့ရှိရင် ရဟန္တာမဖြစ်ဘူး။

နောက်ဆုံးအဆင့် 'ငါ ကိလေသာကုန်တဲ့ ရဟန္တာ ဘာဖြစ်လို့ မဖြစ်ရသလဲ' လို့ပြောတာ ကုက္ကုစ္စပဲ၊ အများသိနေတဲ့ ကုက္ကုစ္စက မလုပ်သင့်တဲ့အလုပ်ကို လုပ်မိပြီး ပူပန်တာ ကုက္ကုစ္စပဲ၊ လုပ်သင့်တာ မလုပ်မိလို့ ပူပန်တာလည်း ကုက္ကုစ္စပဲ၊ ယခု ကုက္ကုစ္စဆိုတာ တခြားမဟုတ်ဘူး၊ 'ကိလေသာကုန်တဲ့ ရဟန္တာ ဘာလို့ မဖြစ်တာလဲ'လို့ တွေးတာ၊ ဒါလည်း ကုက္ကုစ္စပဲ။

မာနဆိုတာလည်း အကုသိုလ်တရား, ဥဒ္ဓစ္စလည်း အကုသိုလ်တရား, ကုက္ကုစ္စလည်း အကုသိုလ်တရား၊ အင်မတန်မှ သိမ်မွေ့တယ်၊ ဒီ ဥဒ္ဓစ္စတို့, ကုက္ကုစ္စတို့, မာနတို့ ဆိုတဲ့ အကုသိုလ်တွေ ခံနေတဲ့အတွက်ကြောင့် ရှင်အနုရုဒ္ဓါ ရဟန္တာအဖြစ်ကို မရောက်ဘူးတဲ့။

ရှင်သာရိပုတ္တရာက အကြံပေးတယ် "ကိုယ်တော် ဒါတွေတွေးမနေနဲ့၊ နိဗ္ဗာန်တစ်ခုထဲကို ဦးတည်ပြီး ကျင့်ပါ" လို့ အကြံပေးလိုက်တဲ့အခါကျမှ ရှင်အနုရုဒ္ဓါ ရဟန္တာဖြစ် သွားတယ်၊ တရားဆိုတာ အလွန်သိမ်မွေ့တယ်။

ဥပမာလေးတစ်ခုနဲ့ ကြည့်- ကိုယ့်လက်ဖဝါးထဲမှာ မြူမှုန်ကလေးတစ်ခုရှိလို့ အဲဒီမြူမှုန်ကလေးကို လက်ဖဝါး ထဲမှာ ပွတ်ကြည့် - ဘာမှမဖြစ်ဘူး၊ သို့သော် အဲဒီမြူမှုန် လေးကို မျက်လုံးထဲထည့်လိုက်ရင် ဘယ်လိုနေမလဲ၊ မျက် ရည်တွေ မထွက်ပေဘူးလား၊ လက်ဖဝါးထဲမှာရှိတုန်းက ဘာမှမဖြစ်ပေမယ့် မျက်လုံးထဲရောက်တော့ ဒုက္ခမရောက် ပေဘူးလား။

ထို့အတူပဲ ခုနကပြောတဲ့ မာနလေးဟာ မြူမှုန် လေးလောက်ပဲရှိတာ၊ သူရလို့ရတယ် ပြောတာပဲ၊ ထို့အတူ ပဲ သတိ, ဝီရိယ, သမာဓိတွေ ကောင်းတယ်လို့ တွေးတာ လည်း သူဟုတ်လို့ တွေးတာပဲ၊ အဲဒါကလည်း မြူမှုန်လေး

လိုပါပဲ၊ သိပ်ကြီးတာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ ရဟန္တာ မဖြစ်ပါလိမ့်လို့ တွေးတဲ့အတွေးဟာလည်း မြူမှုန်လေးလို ပါပဲ၊ သို့သော် အဲဒီမြူမှုန်လေးဟာ မျက်လုံးထဲ ရောက်ရင် ခိုးလိုးခုလုဖြစ်သလို အရဟတ္တမဂ်ဖိုလ်ဆိုတဲ့ အင်မတန် သိမ်မွေ့တဲ့တရား ရဖို့ကျတော့ အကြီးအကျယ်အဟန့်အတား မဖြစ်ပေဘူးလား။ ဒါလည်း သတိထားရမယ်၊ ဒါ့ကြောင့်မို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဓမ္မမှတ်ကျောက် လို့ မဟာပဒေသသုတ်နဲ့ သတ္ထုသာသနသုတ်တွေကို ဟော ခဲ့ပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင်သူတော်စင်ပရိသတ်တွေ မိမိတို့ လက်တွေ့ကျင့်သုံးရမယ့် တရားဓမ္မ၊ သိထားရမယ့် တရားဓမ္မတွေ နာရလို့ ကိုယ့်ရဲ့အမူအကျင့်တွေ စိတ်နေ သဘောထားတွေ ပြောင်းလဲလာပြီး သူတော်စင်သူတော်မြတ် အဖြစ် ရောက်လာပြီဆိုရင် ဗုဒ္ဓမြတ်စွာရဲ့တရား မှန်ကန် တယ်လို့ ဒီလိုမှတ်ကြရမှာပါ။ တရားကိုအကြောင်း ပြုပြီး မာနတွေ တက်လာမယ်၊ မလိုမုန်းထားတဲ့ ဣဿာတွေ များလာမယ်၊ သူတစ်ပါးသိတာကို မနာလိုတာက ဣဿာ၊ ကိုယ်သိတာကို သူများမသိစေချင်တာက မစ္ဆရိယ၊ အဲဒါ မျိုးတွေ တိုးပွားလာရင် ဒါမမှန်ကန်သေးဘူးလို့ ဒီလို မှတ် ရမယ်။

ဒါကြောင့်မို့ ဓမ္မမှတ်ကျောက်ကို ကိုယ်စီဆောင်ထားပြီး ဗုဒ္ဓမြတ်စွာဟောကြားထားတဲ့ တရားဓမ္မတွေနဲ့ ပတ်သက်လို့ အကုသိုလ်ဖြစ်ပွားစေတတ်တဲ့ အငြင်းပွားမှုတွေကို ရှောင်ရှားပြီးတော့ မှန်ကန်တဲ့လမ်းကြောင်းက ဆွဲခေါ်လမ်းကာ နိဗ္ဗာန်ချမ်းသာကို ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

ပြီးပါပြီ။

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင်တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များ လှူဒါန်းထားသော ဓမ္မစာပေ ရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေ လှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ မေဗ္ဗဇျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ
မေဗ္ဗစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

# ဓမ္မစာပေပြန့်ပွားရေး
# ထာဝရပဒေသာပင် အလှူရှင်များ

| | |
|---|---|
| ၁။ မိဘများနှင့် ဦးတင်စိုးတို့ကိုရည်စူး၍ ဒေါ်ခင်လှမိသားစု (ကိုကျော်သင်းဒေသဆိုင်)မင်္ဂလာဈေး။ | ၃၉,၀၀,၀၀၀ |
| ၂။ ဦးအုန်းကျော်+ဒေါ်ခင်မမ မိသားစု။ | ၃၅,၀၀,၀၀၀ |
| ၃။ ဦးခင်ရွှေ+ဒေါ်ပေလှိုင် မိသားစု။ | ၃,၀၀,၀၀၀ |
| ၄။ ဦးချစ်ငွေ+ဒေါ်မြင့်မြင့်ရီ | ၃,၀၀,၀၀၀ |
| ၅။ ဦးသောင်းငွေ+ဒေါ်ခင်စောဝင်း | ၃,၀၀,၀၀၀ |
| ၆။ Singapore မှ ဓမ္မမိတ်ဆွေများ | ၃,၀၀,၀၀၀ |
| ၇။ ဦးစံသာ+ဒေါ်ပေဦးခင်၊ သမီး - စံသာရတနာ သား - မောင်စံသာသုခ မိသားစု။ | ၁,၅၀,၀၀၀ |
| ၈။ ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ | ၁,၀၀,၀၀၀ |
| ၉။ ရွှေပြည်ဟိန်းဆရာတော်၏မယ်တော်ကြီး ဒေါ်အေမာ။ | ၁,၀၀,၀၀၀ |
| ၁၀။ ကိုထွန်းလင်း+မနွယ်နွယ်စန်း | ၁,၀၀,၀၀၀ |
| ၁၁။ ကိုကျော်ဆန်းလွင်+ဒေါ်မြင့်မြင့် | ၁,၀၀,၀၀၀ |
| ၁၂။ ဖခင်ကြီးဦးသိန်းကြည်အား ရည်စူး၍ မိခင်ကြီး ဒေါ်သန်းကြည်အား အမှူးထားလျက် ဒေါ်မြမြသိန်းနှင့် မောင်နှမတစ်စု(ရန်ကင်း) | ၁,၀၀,၀၀၀ |
| ၁၃။ မသန်းသန်းဝင်း၊ မပေပေသက်ဝေ | ၅၀,၀၀၀ |

| | |
|---|---|
| ၁၄။ မိဘများ၊ ခင်ပွန်း ဦးတင်အောင်နှင့် သမီးငယ် | |
| မိမိအောင်တို့အားရည်စူး၍ | |
| ဒေါ်တင်တင်ဝင်းမိသားစု။ | ၃၀,၀၀၀ |
| ၁၅။ ဦးမြင့်သိန်း+ဒေါ်သွေးသွေး | |
| သမီး ဒေါက်တာသိဂိရွှေစင်၊ | |
| သား-မောင်ဘုန်းပြည့်အောင်မိသားစု(ရန်ကင်း) | ၃,၀၀,၀၀ |
| ၁၆။ ဒေါ်ဓမ္မဒိန္နာ BA.B Student | ၁,၀၀,၀၀ |
| ၁၇။ ဦးကံညွန့်+ဒေါ်ဝင်းကြည် မိသားစု(ရန်ကင်း) | ၁,၀၀,၀၀ |
| ၁၈။ မောင်မင်းမင်းသိုက်+မနှင်းခက်ဝေ မိသားစု | ၁,၀၀,၀၀ |
| ၁၉။ ဦးဝင်းဖေသန်း+ဒေါ်ခင်မြတ်နွယ်၊ | |
| သား-မောင်ဝေဖြိုးသန်း မိသားစု(ရန်ကင်း) | ၁,၀၀,၀၀ |
| ၂၀။ မကြီးမုံဝင်းထွဋ်၊ မောင်ရဲမာန်ဝင်းထွဋ် မောင်နှမ | ၅၀,၀၀ |